# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 9, 2020 Volume 36, Number 7


**၉.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၄၀၀၀ |
| ဒေါ်လာဈေး | = ၁၂၉၉/- ကျပ် |
| CBM Rate | = ၁၂၇၉.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၀၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၄၃.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၅၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၉.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၀.၆၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၄၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၀၈.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၁၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကိုဗစ်ကန့်သတ်ချက်ကြောင့် ကုန်စည်စီးဆင်းမှုနှေး၍ စားသောက်ကုန်အချို့ဈေးတက်




မြန်မာနိုင်ငံတွင် ကိုဗစ်ကပ်ရောဂါ ကူးစက်ပျံ့ပွားမှုနှုန်း မြင့်တက်နေ၍ တိုင်းနှင့်ပြည်နယ်များတွင် အကန့်အသတ်ထိန်းချုပ်မှုများပြုနေရသဖြင့် ကုန်စည်စီးဆင်းမှုနှေးကွေးကာ စားသောက်ကုန်အချို့ ဈေးတက်နေကြောင်းသိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်က “အဝင်နည်းတဲ့ ကုန်စည်တွေကတော့ ဈေးတက်တယ်။ အာလူးကားက ၂ စီးလောက်ပဲဝင်တော့ ဈေးတက်တယ်။ ၁ ပိဿာကို ၉၀၀ ကျပ်ကနေ ၁၅၀၀ ကျပ်လောက်ရှိတယ်။ ရှမ်းပြည်ဘက်ကဝင်တဲ့ စားသောက်ကုန်တွေကတော့ လမ်းမှာအခက်အခဲဖြစ်နေတဲ့အတွက် ဒီကိုမဝင်ဘူး ဈေးတက်လိမ့်မယ်။ ရှမ်းတောင်ပိုင်းက အဆိုးဆုံးပဲ”ဟု ပြောသည်။

အဆိုပါ ကုန်စည်စီးဆင်းမှုများ ကြန့်ကြာနေခြင်းမှာ တိုင်းနှင့် ပြည်နယ်အစိုးရများ၏ ကိုဗစ်ရောဂါ ရှိ၊ မရှိ ကုန်စည်သယ်ယူပို့ဆောင်ပေးသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို စစ်ဆေးရာတွင် အဆင်မပြေမှု အချို့ဖြစ်ခြင်းနှင့် စီမံချက်များ အမျိုးမျိုးဖြစ်နေခြင်းတို့ကြောင့် လမ်းခရီးတွင်ကြန့်ကြာကာ ကုန်ဈေးနှုန်းအနည်းငယ် တက်လာခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဝင်ရောက်သော အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ခရမ်းချဉ်သီး၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် အစရှိသည့် ကုန်ကားများဝင်ရောက်မှုက ယခင်ထက် ထက်ဝက်နီးပါး ဝင်ရောက်မှု လျော့ကျနေကြောင်း ၎င်းကပြောသည်။ ယခု Stay at Home ကာလအတွင်း ရန်ကုန်တိုင်းအစိုးရက မြို့များတွင် ကိုယ်စားလှယ်ထားပြီး အခြေခံစားသောက်ကုန်များ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် လက်ရှိဆန်နှင့်ဆီကိုသာ လုပ်ဆောင်နေပြီး ကျန်အခြေခံ စားသောက်ကုန်များအတွက် လုပ်ဆောင်မှုမရှိသေးကြောင်း ၎င်းကရှင်းပြသည်။

ကုန်စျေးနှုန်းတည်ငြိမ်မှုသည် ကုန်ကားများ၏ အဝင်၊ အထွက် ကုန်စည်စီးဆင်းမှုပေါ်တွင် မူတည်သောကြောင့် ကုန်ကားများမဝင်ပါက စျေးတက်မည်ဖြစ်၍ ဗဟိုအစိုးရအထိ တင်ပြထားကြောင်း၊ လက်ရှိတွင် လမ်းပန်းဆက်သွယ်ရေးက တိုင်းနှင့်ပြည်နယ်များရှိ မည်သည့်နေရာတွင်မှ အဆင်မပြေသေးကြောင်း ကုန်သည်များထံကသိရသည်။

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများအသင်း (MEVP) အတွင်းရေးမှူး ဦးကျော်သူက "မနေ့က ထုတ်တဲ့စာအရဆိုရင် ကိုဗစ်စစ်ထားတာက ၇၂ နာရီပဲ ခံမယ်ဆိုတော့ ကားသမားတယောက်က အခေါက်ခေါက် အခါခါ စစ်ရမယ့် ပုံဖြစ်တယ်။ အခုက တခါ စ်ရင် Test Kit ဖိုးတင် ကျပ် ၂ သောင်းကျတယ်။ ဒီလိုမျိုးဆိုတော့ ကားခကလည်း ၂ ဆ လောက်တက်သွားတယ်။ ကား ၁ စီးကို အရင် ကျပ် ၆ သိန်း၊ ၆ သိန်းခွဲ လောက် ပေးရတဲ့ ကားက ကျပ် ၁၃ သိန်းတို့ ကျပ် ၁၅ သိန်းတို့ အဲဒီလိုမျိုး ဖြစ်နေတယ်"ဟု လတ်တလော အခြေအနေကိုရှင်းပြသည်။

ထိုသို့ ဝန်ဆောင်မှု စရိတ်များ မြင့်တက်သည့် အခြေအနေ၌ ကုန်တင်ကား လိုသလောက် ငှား၍ မရနိုင်ခြင်းကြောင့် ရှမ်းပြည်မှ ရန်ကုန်သို့ တင်ပို့ရောင်းချနေသော ကုန်စိမ်းများမှာ သယ်ယူပို့ဆောင်စရိတ်နှင့်အတူ ကုန်စည်စျေးများ လည်း ယခင်ထက် မြင့်တက်နေခြင်း ဖြစ်ကြောင်း ၎င်းကပြောသည်။ "ပန်းဂေါ်ဖီ ဂေါ်ဖီ၊ ငရုတ်ပွ ရှိသမျှ ကုန်စိမ်းတွေက ရှမ်းပြည်နယ် စိုက်ခင်းထဲမှာ စျေးကစျေးမတက်ပေမယ့် သယ်ယူပို့ဆောင်စရိတ်တွေ စျေးတက်သွားတော့ ကျန်တဲ့စားသောက်ကုန်က မသိသာပေမယ့် ဟင်းသီးဟင်းရွက် မှာတော့ တက်တယ်။ ရန်ကုန်အနီးအနားကလာတဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်တဲ့ ချဉ်ပေါင်တို့ ကန်စွန်း မတက်ဘူး။ ရှမ်းပြည်ထွက် ကုန်စိမ်းတွေကတော့ စျေးတက်ပါတယ်"ဟု ပြောသည်။ ဥပမာအားဖြင့် ပန်းဂေါ်ဖီ ၁ ပွင့်လျှင် စိုက်ခင်းစျေးက ကျပ် ၁၀၀ မှ ၁၅၀ သာရှိသော်လည်း ရန်ကုန်မြို့သို့ ရောက်လျှင် လက်ကား စျေးကွက်မှာပင် ကျပ် ၆၀၀ ကနေ ကျပ် ၈၀၀ အထိ ဖြစ်သွားသည်အထိ စျေးကွာဟကြောင်း ၎င်းကပြော သည်။

ထို့ပြင် ရာသီစာ ကျွဲကောသီးမှာ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ ဝယ်သူမရှိခြင်းတို့ကြောင့် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့တွင် စိုက်ခင်း၌ပင် ကြွေကျကာ စွန့်ပစ်ရခြင်း၊ လှူလိုက်ရခြင်းတို့ ပြုလုပ်နေရကြောင်း သိရသည်။ ဆက်လက်၍ ဦးကျော်သူက "တော်တော်အထိ နာနေတဲ့ အနေအထားဖြစ်တယ်။ ပြည်ဘက်က ဩဇာသီးတွေ ထွက်နေတယ်။ ခါတိုင်းဆိုရင် ဒီအချိန်က တော်တော်လေး ရောင်းရတယ်။ အခုတော့ စျေးထဲမှာ ဝယ်တဲ့သူနည်းတဲ့အတွက် မရောင်းရဘူး"ဟု သစ်သီးဝလံ စျေးကွက်အခြေအနေကို ရှင်းပြသည်။

ကုန်စည်စီးဆင်းမှု မလျှင်မြန်ပါက ကုန်စျေးနှုန်းများ မြင့်တက်လာနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ကုန်စျေးနှုန်း တည်ငြိမ်ရေး အထောက်အကူပြုကော်မတီအဖွဲ့က နေ့စဉ် အစည်းအဝေးများလုပ်ကာ ဆွေးနွေးနေကြောင်း၊ ယခုကိစ္စများကိုလည်း အလွယ်ကူဆုံးဖြစ်ရန် အောက်တို ဘာလ ၇ ရက်က ပြုလုပ်သည့် အစည်း အဝေးတွင် တင်ပြထားကြောင်း၊ ဗဟိုအစိုးရ၊ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်များ၏ အစိုးရများနှင့် ညှိနှိုင်းပြီး ကုန်စျေးနှုန်းများ ပုံမှန်ဖြစ်သွားစေရန်နှင့် ကုန်ကားများ လွယ်လွယ်ကူကူ ဖြတ်သန်းနိုင်ရန် လုပ်ဆောင်နေကြောင်း ပါဝင်ဆွေးနွေးခဲ့သည့် ဦးကျော်သူက ပြောပြသည်။

ကိုဗစ်ပထမလှိုင်းတွင်စတင်ခဲ့သည့် တောင်သူစျေးကားအစီအစဉ်မှာ လတ်တလောရန်ကုန်တိုင်း၏ Stay at Home အမိန့်ကြောင့် တချို့လမ်း၊ ရပ်ကွက်၊ အိမ်ယာများက အဝင်မခံခြင်းတို့ကြောင့် ရပ်တန့်ထားသည်မှာ ၃ ပတ်ခန့်ရှိပြီဖြစ်ပြီး ပြန်လည်စတင်နိုင်ရန် တိုင်းအစိုးရ၏ ခွင့်ပြုချက်၊ QR Code တို့ကို လက်ရှိ ပြုလုပ်ထားသော်လည်း ရောင်းချရန် အခက်အခဲတချို့ကို ညှိနှိုင်းနေရဆဲ အခြေအနေဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှသိရသည်။ အဝေးပြေးကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင် ဦးဝင်းအောင်ခန့်က "အခုက ကုန်စည်သယ်ယူပို့ဆောင်ရေးမှာ အခက်အခဲတွေအများကြီးရှိပါတယ်။ အဓိကတော့ သူတို့စစ်မပေးနိုင်တာပါ။ သူတို့ မြန်မြန်ဆန်ဆန် စစ်ပေး နိုင်တယ်ဆိုရင် ကြန့်ကြာမှုကမဖြစ်ဘူး အခုကဆိုးဆိုးဝါးဝါးဖြစ်နေတာ။ ကားတွေက လမ်းတွေမှာပိတ်ဆို့နေတယ်။ ရန်ကုန်၊ မန္တလေးမှာဆို အဆင်မပြေသေးဘူး"ဟုပြောသည်။ လက်ရှိ ကုန်ကားဝန်ဆောင်မှုစရိတ်များနှင့် ကုန်ပစ္စည်းအချို့စျေးနှုန်း မြင့်တက်လာခြင်း၊ တချို့ကုန်ကားဂိတ်များက ပိတ်ထားခြင်းများကြုံရနေပြီဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု ကြန့်ကြာနေသောကြောင့် ကုန်စျေးနှုန်းများလည်း မြင့်တက်လာခြင်း၊ ကုန်စည်များပြတ်လပ်ခြင်းစသည်တို့ဖြစ်ပေါ်နိုင်သဖြင့် အစိုးရအနေနှင့် ကုန်စည်စီးဆင်းမှုလျှင်မြန်စေရန် အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ၎င်းကထောက်ပြသည်။

ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ကျော်သန်းကလည်း “ကုန်သွယ်မှု အဆင်ပြေအောင် ဖြေလျှော့ပေးရမယ်၊ တနင်္သာရီတိုင်းက ငါးကို ရန်ကုန်ပို့မယ်ဆိုရင် ဖြတ်ရတာက မွန်၊ ပဲခူးတို့ကို ဖြတ်ပြီးမှ ရန်ကုန်ဝင်ရတာဆိုတော့ အခုက မွန်မှာလည်း ကိုဗစ်စစ်တော့ တနင်္သာရီတိုင်းနဲ့ မွန်ပြည်နယ်အစပ် ပန်းပဲတောင်မှာ ရေထွက်ကုန်ကားတွေက သွားပိတ်နေတယ်။ အဲဒီကလွတ်ရင် မော်လမြိုင်မှာထပ်ယူပြန်ရော၊ ပြီးတော့ ပဲခူးမှာထပ်ယူဆိုတော့ ဒုက္ခရောက်တာပေါ့။ အခုဆိုရင် လမ်းခရီး ကြန့်ကြာလို့ ၁၀ ရာခိုင်နှုန်းလောက်က လမ်းမှာစွန့်ပစ်ရနေပြီ”ဟု ရှင်းပြသည်။

တနင်္သာရီတိုင်းမှ ရေထွက်ပစ္စည်းများကို ရန်ကုန်မြို့ ကြည့်မြင်တိုင်ငါးဈေးနှင့် ရွှေပိတောက်ငါးဈေးများသို့ တင်ပို့ရောင်းချရာတွင် လက်ရှိသယ်ယူပို့ဆောင်ရေး အခက်အခဲများအပြင် ငါးဈေးကွက် ပျက်နေခြင်း တို့ကြောင့်လည်း ရေလုပ်ငန်းရှင်များ အခက်တွေ့နေကြောင်း ၎င်းကပြောသည်။ ထိုအခြေအနေများကြောင့် ကုန်သည်လုပ်ငန်းရှင်များက ကုန်စည်သယ်ယူ ပို့ဆောင်ရေး လျင်မြန်လွယ်ကူစေရန် အမြန်ဆုံးလိုအပ်ကြောင်း သို့မှသာ လက်ရှိဈေးနှုန်းမြင့်တက်နေသော ကုန်ပစ္စည်း များကိုလည်း ပုံမှန်ဈေးကွက်ရောက်ရှိနိုင်မည်ဟု သုံးသပ်ထားသည်။

**Source:** https://burma.irrawaddy.com/news/2020/10/09/231292.html

## Fully Online Licensing စနစ်ကို အသုံးပြု၍ သွင်းကုန်လိုင်စင်လျှောက်ထားနိုင်သည့် ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အင်တာနက်ရရှိမည့် မည်သည့်နေရာမဆို ပို့ကုန်/ သွင်းကုန်လိုင်စင်ကို Fully Online Licensing စနစ်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ရာ HS Code 2017 Version အရ 10 Digit ဖြင့် ပို့ကုန် HS Line (၈၈)လိုင်းနှင့် သွင်းကုန် HS Line (၆၅၀ ) လိုင်းတို့အား အွန်လိုင်းဖြင့် လိုင်စင်လျှောက်ထားထုတ်ယူ နိုင်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၆/၂၀၂၀)ဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

လုပ်ငန်းရှင်များ ပိုမိုအဆင်ပြေစေရေးအတွက် အထက်ဖော်ပြပါ ကုန်စည်အမယ်များအပြင် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများမှ နောက်ဆက်တွဲပါ 10 Digit HS Line (၆၈၉) လိုင်းအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှစ၍ Fully Online Licensing စနစ်ဖြင့် www.myanmartradenet.com.mm တွင် သွင်းကုန်လိုင်စင်လျှောက်ထားရယူနိုင်ကြောင်း ထုတ်ပြန်ကြေညာထားကြောင်း သိရှိရပါသည်။

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## ပျားရည်ဈေးနှုန်းကျဆင်းနေသည့်အတွက် ပျားမွေးမြူသူများ အခက်အခဲဖြစ်နေ



ယခုနှစ်အတွင်း ပြည်တွင်းပျားရည်ထွက်ရှိမှု ကျဆင်းနေပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဝယ်လိုအား ၁၀၀ ရာခိုင်နှုန်းခန့် ကျဆင်းကာ ပျားရည်ဈေးနှုန်းလည်း ကျဆင်းနေသည့်အတွက် ပျားမွေးမြူသူများ အခက်အခဲဖြစ်နေကြောင်း မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်အသင်း အကြံပေး ဒေါက်တာလှိုင်မင်းဦး၏ ပြောပြချက်အရ သိရသည်။ “လက်ရှိ ပျားရည်ဈေးက တစ်ပိဿာကို ငွေကျပ် ၂၀၀၀ အောက်ကျနေတဲ့အတွက် ပျားမွေးမြူသူတွေ ဒီနှစ်မှာ တော်တော် အခက်အခဲဖြစ်နေတယ်။ အရင်နှစ်တွေက ဒီအချိန်မှာ ပျားရည်တစ်ပိဿာကို အနည်းဆုံး ငွေကျပ် ၂၅၀၀ လောက်ရတယ်။ ဒီနှစ်မှာ ဝယ်လက်တွေလည်းမရှိဘူး။ အရင်နှစ်တွေက ပြည်ပဈေးကွက်တွေက လာဝယ်တာလည်းရှိတယ်။ အရင်နှစ်က ပျားရည်အထွက်နှုန်းများတဲ့အတွက် ရောင်းတဲ့အခါမှာလည်း စိတ်ကြိုက်ရောင်းလို့ ရတယ်။ အခု ဝယ်သူမရှိသလောက်ဖြစ်နေတယ်။ ပြီးတော့ ပျားရည်က ပြည်တွင်းစားသုံးမှုနည်းတယ်” ဟု ဒေါက်တာ လှိုင်မင်းဦးကပြောသည်။

ပြည်တွင်း၌ ပျားရည်ထုတ်လုပ်သည့်ကုမ္ပဏီများကလည်း ပြည်ပသို့တင်ပို့နိုင်သဖြင့် ယခင်နှစ်က ဝယ်ယူထားသည့် ပျားရည်လက်ကျန်များရှိနေသည့်အတွက် အဝယ်ရပ်ထားကြသည်။ လက်ရှိတွင် ပျားရည်ရောင်းအား ယခင်နှစ်ထက်ကျဆင်းပြီး ပျားမွေးမြူသူများလက်တွင် ပျားရည်များစွာကျန်ရှိနေသောကြောင့် မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်အသင်းတွင် ပါဝင်ကြသည့် ကုမ္ပဏီကြီးများက တတ်နိုင်သလောက်ဝယ်ယူပေးရန် စီစဉ်နေကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2753

## မိုးစပါးပေါ်ချိန် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက ပို့ကုန်လုပ်ငန်းရှင်များသာမက တောင်သူများပါ ထိခိုက်နိုင်ဟုဆို

မိုးစပါးပေါ်ချိန် ပို့ကုန်ရငွေ ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းလာခြင်းက လုပ်ငန်းရှင်များသာမက စပါး၊ ပြောင်း စိုက်ပျိုးတောင်သူများပါ သီးနှံဈေးနှုန်းကျဆင်းပြီး ဆုံးရှုံးမှုများကြုံနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ပို့ကုန်ရငွေတန်ဖိုးလဲလှယ်နှုန်းက တစ်ဒေါ်လာလျှင် ၁,၂၉၀ ကျပ်ဝန်းကျင် ဈေးဖွင့်ပြီး ပြီးခဲ့သည့်လထက် တစ်ဒေါ်လာ လျှင် ၃၀ ကျပ်မှ ၅၀ ကျပ်အကြား ကျဆင်းခြင်းဖြစ်သည်။

ဆန်၊ ပဲမျိုးစုံ၊ ပြောင်းဖူးစေ့အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နေပြီး COVID-19 ကပ်ရောဂါအလွန် စားနပ်ရိက္ခာတင်ပို့သောနိုင်ငံဖြစ်လိုသည့် မြန်မာနိုင်ငံအတွက် ငွေလဲနှုန်းတည်ငြိမ်ရေးက အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ နိုင်ငံတကာသို့ လယ်ယာထွက်ကုန်များ အပါအဝင် ပို့ကုန်များ တင်ပို့ရောင်းချရာတွင် အဓိကသုံးစွဲသော ငွေကြေးမှာ အမေရိကန်ဒေါ်လာဖြစ်ခြင်းကြောင့် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက ပို့ကုန်လုပ်ငန်းရှင်များကို အခက်တွေ့စေသည်။ ထိုမှတစ်ဆင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများထံသို့ ရောက်ရှိလာပြီး စပါး၊ ပဲမျိုးစုံ အပါအဝင် သီးနှံများကို ဈေးလျှော့ ဝယ်ယူခြင်းများဖြစ်လာနိုင်သည်။ "မိုးစပါးပေါ်ချိန်မှာ ဈေးကျတာဆိုတော့ ပြဿနာရှိလာနိုင်တယ်"ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဗဟိုအလုပ်အမှု ဆောင်ဒေါက်တာစိုး ထွန်းက ပြောသည်။ လက်ရှိ ငွေလဲနှုန်းသည် လယ်ယာထွက်ကုန်များ အပါအဝင် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအတွက် များစွာ ထိခိုက်နိုင်ကြောင်း မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ၎င်း၏ ဖေ့စ် ဘွတ်ခ်စာမျက်နှာတွင် ရေးသား ထားသည်။

လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံ ကျော်ရှိပြီး ပို့ကုန်တွင် တိုးတက်မှုအများဆုံးဖြစ်သည်။ ထို့ကြောင့် စပါး၊ ပြောင်းစသော သီးနှံများပေါ်ချိန်တွင် ဒေါ်လာတန်ဖိုး တည်ငြိမ်စေရန် ဗဟိုဘဏ်နှင့်စီးပွားရေးဝန်ကြီးဌာနများပူးပေါင်း၍ ထိရောက်သောမူဝါဒများချမှတ်ဆောင်ရွက်ပေးရန် ဦးရဲမင်းအောင်က တောင်းဆိုထားသည်။ လက်ရှိ ပြင်ပငွေလဲကောင်တာများတွင် အရောင်းအဝယ်ပြု လုပ်နေသော ဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် ၁,၃၀၉ ကျပ် အနည်းဆုံးဈေးဖွင့်သည်။ ပို့ကုန်ရငွေ ဒေါ်လာတန်ဖိုးက ၁,၂၉၀ ကျပ် ဝန်းကျင်ရှိခြင်းကြောင့် တစ်ဒေါ် လာ ၂၀ ကျပ် နီးပါးကွာခြားနေသည်။

**Source:** https://7day.news/detail?id=201455

## အရာတော်ဒေသ သနပ်ခါးအရောင်းအဝယ်ရပ်ဆိုင်းသွား၍ တောင်သူများအခက်ကြုံ

COVID-19 ဒုတိယလှိုင်းတွင် အရာတော်ဒေသ သနပ်ခါးအရောင်းအဝယ် ရပ်ဆိုင်းသွား၍ တောင်သူများအခက်ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးကအောက်တိုဘာ ၈ ရက်တွင် ပြော သည်။ COVID-19 ကာလတွင် ကုန်စည်များ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း၊ မြို့ကြီးများရှိ ဘုရားစေတီများ ပိတ်ထား၍ ဘုရားဈေးတန်းရှိ သနပ်ခါးဆိုင်များ ပိတ်ထားခြင်း၊ စည်ပင်သာယာဈေးကြီးများတွင် သနပ်ခါးဆိုင်များ ပိတ်ထားခြင်းနှင့် ပွဲတော်များတွင် ဆယ့်နှစ်ပွဲဈေးသည်များ ရောင်းချခြင်းမရှိ၍ အရာတော်ဒေသ ရှိ သနပ်ခါးခြံများတွင် သနပ်ခါးအရောင်းအဝယ် ရပ်ဆိုင်းသွားခြင်း ဖြစ်သည်။

အရာတော်မြို့မှ သနပ်ခါးစိုက်တောင်သူတစ်ဦးက "ဒီနှစ်ကိုဗစ်ကြောင့် အခက်အခဲဖြစ်နေပါတယ်ဆိုမှ မိုးကခေါင်တော့ သနပ်ခါးပင်တွေကြား စိုက်ထားတဲ့ မြေပဲနှင့်နှမ်းကလည်း အပျက်အစီးများတယ်။ တောင်သူတွေသီးနှံပေါ်လို့ ဝင်ငွေရမယ့်

ဟာကလည်း မရတော့ဘူး။ အခု မိုးခေါင်တော့ နောက်ပိုင်းနှမ်းက စက်တင်ဘာမှာ မိုးမရွာလို့ မစိုက်လိုက်ရဘူး။ တောင်သူတွေ အကျပ်အတည်းဆုံးနှစ်ပါပဲ”ဟုပြောသည်။ သနပ်ခါးအရောင်းအဝယ် ရပ်ဆိုင်းသွားခြင်းကြောင့် သနပ်ခါးခြံပိုင်ရှင် တောင်သူများ သာမက ခြံအလုပ်သမား များပါ အလုပ်လက်မဲ့ဖြစ်ခဲ့ကြောင်း ၎င်းကပြောသည်။

အရာတော်ဒေသထွက် သနပ်ခါးအပင်အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်ပင်လျှင် ကျပ်ငါးထောင်မှ တစ်သောင်းအကြား သတ်မှတ်ထားသော်လည်း အောက်တိုဘာအတွင်း သနပ်ခါးကုန်သည်များ လာရောက်ဝယ်ယူခြင်း မရှိကြောင်း အရာတော်မှ သနပ်ခါးဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

**Source:** https://7day.news/detail?id=201407

## ပြည်ပသို့ ရေထွက်ကုန် ကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖိုး ပိုမိုတင်ပို့နိုင်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုဟာ ပြီးခဲ့တဲ့၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ဖိုး ပိုမိုတင်ပို့နိုင်တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနမှ သိရပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်ပသို့ရေထွက်ကုန် ကန်ဒေါ်လာ ၈၅၃.၁၃၆ သန်းဖိုးတင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကတော့ ကန်ဒေါ်လာ ၇၂၈.၂၅၇ သန်းဖိုး တင်ပို့နိုင်ခဲ့ ပါတယ်။

အခုလို ရေထွက်ကုန်ပစ္စည်းတွေ ပိုမိုတင်ပို့နိုင်ခဲ့တာကတော့ အီးယူသို့ မွေးမြူရေးရေထွက်ကုန်တွေ ပိုမိုတင်ပို့နိုင်တာ၊ ကိုဗစ်ကပ်ရောဂါနဲ့ ရင်ဆိုင်ရပေမယ့်လည်း တရုတ်နဲ့ထိုင်းနိုင်ငံသို့ တင်ပို့နေရဆဲဖြစ်တာ၊တန်ဖိုးကြီးရေထွက်ကုန်တွေ ပိုမို တင်နိုင်တာ စတာတွေကြောင့်ဖြစ်တယ်လို့သိရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရေထွက်ကုန် တွေကို ကန်ဒေါ်လာ သန်း ၇၀၀ ဖိုးခန့် တင်ပို့နိုင်ဖို့ လျာထားခဲ့တာဖြစ်ပြီး လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့တာပါ။

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ``ဒီနှစ်လည်း ၈၀၀ ကျော်ရဖို့ ဆောင်ရွက်ရမှာပေါ့။ ဒါပေမယ့်လည်း ဖမ်းဆီးရေးအပြင် ထိန်းသိမ်းရေးအတွက်ကိုလည်း သွားရမယ့်သဘောရှိတာပေါ့။ဒီနှစ်ခုကြား ချိန်ညှိပြီး ဆောင်ရွက်မှာပေါ့´´ လို့ ပြောပါတယ်။ မြန်မာ့ရေထွက်ကုန်တွေကို လက်ရှိမှာ ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေတာဖြစ်ပြီး တရုတ်နိုင်ငံနဲ့ နှစ်နိုင်ငံ စာချုပ် ချုပ်ဆိုကာ တင်ပို့နိုင်ရေးကိစ္စကတော့ မပြီးပြတ်သေးဘူးလို့ ဦးမြင့်ဇင်ထူးကဆိုပါတယ်။

**Source:** https://www.kumudranews.com/news-38526

## အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ကုန် ပဲအမျိုးအစားများ ၃ နှစ်အတွင်း စံချိန်တင်အမြင့်ဆုံးဈေးနှုန်းများဖြင့် အရောင်းသွက်

အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ကုန် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲများဝယ်လိုအားကောင်းမွန် လာမှုကြောင့် ယခုရက်ပိုင်းတွင် မန္တလေးပဲဈေးကွက်၌ ဈေးနှုန်းများ သိသာစွာမြင့်တက်ကာ ၃ နှစ်အတွင်း စံချိန်တင် အမြင့်ဆုံးဈေးနှုန်းများဖြင့် အရောင်းသွက်လျက်ရှိသည်။ အဆိုပါ ပဲအမျိုးအစားများမှာ မန္တလေးအွန်လိုင်းဈေးကွက်၌ ယခင် စက်တင်ဘာလဆန်းပိုင်းက မတ်ပဲ ဈေးနှုန်းမှာ ၃ တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်း၊ ပဲစင်းငုံ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်း၊ ကုလားပဲဖြူကြီးမှာလည်း ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှုန်းသို့ ကျဆင်း လျက်ရှိနေရာမှ စက်တင်ဘာလလယ်ပိုင်းမှစတင်၍ ဈေးနှုန်းများသိသာစွာမြင့်တက်ကာ ယခုရက်ပိုင်း မတ်ပဲမှာ ငွေကျပ် ၁၁၂၀၀၀ နှုန်း၊ ပဲစင်းငုံမှာ ငွေကျပ် ၈၈၀၀၀ နှုန်း၊ ကုလားပဲဖြူကြီးမှာ ၉၅၀၀၀ နှုန်းတို့ဖြင့် အမြင့်ဆုံးဈေးနှုန်းများသို့ ရောက်ရှိကာ အရောင်းသွက်နေသည်ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားခဲ့သည်။

“ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ကာလအတွင်းမှာ မြန်မာထွက်ကုန်ပဲတွေကို တရုတ်နိုင်ငံက အဓိကဝယ်လက်အဖြစ် ဝယ်ယူနေ ပေမယ့် စက်တင်ဘာလဆန်းကစပြီး ပဲအားလုံးရဲ့ဈေးတွေကျဆင်းလာပြီး အရောင်းအဝယ်တွေလည်း ထိုင်းမှိုင်းလာတယ်။ ဒီလိုအချိန်မှာ အိန္ဒိယနိုင်ငံက မတ်ပဲကို တန်ချိန်တစ်သိန်းခွဲ ထပ်မံဝယ်ယူမှုတွေရှိလာတဲ့အပြင် ကျန်တဲ့ပဲစင်းငုံနဲ့ ကုလားပဲ တွေကိုလည်း ဝယ်ယူဖို့အစီအစဉ်ရှိတယ်ဆိုတဲ့သတင်းတွေကြောင့် အခုလိုဈေးတွေမြင့်တက်လာတာပါ” လို့ ဦးစိုးဝင်းမြင့်းက ပြောကြားသည်။

လက်ရှိကာလမှာ မန္တလေးကုန်စည်ဒိုင်အား Covid-19 ရောဂါ ကာကွယ်တားဆီးရေးအတွက် ယာယီပိတ်ထားသော်လည်း အွန်လိုင်းဖြင့်ချိတ်ဆက်ကာ အရောင်းအဝယ်များ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အဆိုပါ မတ်ပဲ၊ ပဲစင်းငုံနှင့်ကုလားပဲ သီးနှံများမှာ ဆောင်းသီးနှံဖြစ်သည့်အတွက် လာမည့်သီတင်းကျွတ်ကာလတွင် စတင်စိုက်ပျိုးနိုင်ရန် တောင်သူများ ပြင်ဆင်လျက်ရှိသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3492-major-exports-of-pulses-to-india-hit-record-highs-in-three-years.html

## အခြေခံစပါးဈေးအောက်ကျဆင်းပါက ကျပ် ဘီလီယံ ၂၀ ဖိုး ဝယ်ယူပေးရန် အစိုးရသို့တင်ပြထား

ယခု ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ အောက်ကျဆင်းပါက ကျပ် ဘီလီယံ၂၀ ဖိုးဝယ်ယူပေးရန် စီးပွားရေးကော်မတီထံတင်ပြထားကြောင်း လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှသိရသည်။ အဆိုပါ ကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော် လှည့်ပတ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲမည်ဖြစ်ပြီး ယမန်နှစ် ဝယ်ယူပေးခဲ့သည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတို့ အပြင် တနင်္သာရီနှင့် ရခိုင်ပြည်နယ်ပါ ထပ်မံတိုးလာသည့်အတွက် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

အစိုးရအနေဖြင့် လက်ရှိတွင် စပါးဝယ်ယူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးများ၊ စပါးဝယ်ယူကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ဆန်စပါးကုန်သည်များအဖွဲ့မှတာဝန်ရှိသူများက ကဏ္ဍအလိုက် တင်ပြချက်များကိုစုစည်းကာ စပါးဝယ်ယူရေး အဆင်ပြေစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ယင်းသို့ဝယ်ယူရန်အတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်း၊ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ၄၆ ပေါင် ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ် ၅၂၀၀၀၀ သတ်မှတ်ထားသည်။

ယမန်နှစ်က ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စပါးအခြေခံဈေးနှုန်းအောက် ကျဆင်းခဲ့သည့်အတွက် နိုင်ငံတော်က ကျပ် ၁၅ ဘီလီယံအသုံးပြု၍ ဝယ်ယူရာတွင် ကျပ် ၆ ဒသမ ၅ ဘီလီယံဖိုး ဝယ်ယူနိုင်ခဲ့သော်လည်း ဝယ်ယူမှု နောက်ကျခဲ့ခြင်းကြောင့် စပါးဈေးကျဆင်းမှုကို အပြည့်အဝ ထိန်းညှိပေးနိုင်ခြင်းမရှိခဲ့ကြောင်း ကုန်သည်များထံမှသိရသည်။

**Source:** http://sdtimedaily.com/

## ရွှေဘိုပေါ်ဆန်း မျိုးထိန်းသိမ်းရေး JICA ကူညီမည်

နိုင်ငံအတွင်း လူကြိုက်များသောကြောင့် ဈေးအကောင်းဆုံးရရှိသော နာမည်ကျော်ရွှေဘိုပေါ်ဆန်းမွေးကို မျိုးဗီဇ ထိန်းသိမ်းရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က ကူညီမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦးကပြောသည်။ "အဓိက ရွှေဘိုပေါ်ဆန်းပေ့ါ။ ဒီပေါ်ဆန်းကို မျိုးကောင်းနေအောင်၊ မျိုးပျောက်မသွားအောင် သူက ကြားကနေထောက်ပံ့ကူညီပေးတဲ့သဘောပဲ"ဟု ၎င်းက မြန်မာတိုင်းမ်သို့ အောက်တိုဘာ ၈ ရက်နေ့က ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုအတွက် JICAနှင့် ၎င်းတို့ဌာနတို့ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်သူများသည် မျိုးစေ့သန့်စင်သည့်အပိုင်းတွင် အားနည်းမှုများရှိနေသောကြောင့် မျိုးကောင်းမျိုးသန့်များအား ရေရှည်ထိန်းသိမ်းရန်အတွက် စိန်ခေါ်မှုတစ်ခုအဖြစ်ရှိနေသည်။ ထို့ကြောင့် ယင်းအားနည်းချက်ကို ပံ့ပိုးဖြည့်ဆည်း ေးနိုင်ရန် အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။ "ဒါကြောင့် တောင်သူတွေကို မျိုးစေ့ထုတ်တဲ့နည်းပညာပေးမယ်။ မျိုးစေ့သန့်စင်မှု အားနည်းနေတာကြောင့်လည်း မျိုးစေ့သန့်စင်မှုနည်းပညာကို အဓိကပေးမယ်"ဟု ၎င်းကဆက်လက် ပြောကြားသည်။ ထို့အပြင် စပါးအစိုဓာတ်ကို ခေတ်မီကိရိယာဖြင့် တိုင်းတာနိုင်ရန်အတွက်လည်း အစိုဓာတ်တိုင်းကိရိယာများ ထောက်ပံ့မည်ဖြစ်သည်။ "ပြီးတော့ တောင်သူတွေအချင်းချင်း ဆက်သွယ်နိုင်အောင်လည်း တချို့တောင်သူတွေကို Tablet

တွေထောက်ပံ့မယ်"ဟုပြောသွားသည်။ မျိုးစေ့ထုတ် နည်းပညာများဖြန့်ဝေခြင်းဖြင့် တောင်သူများသည် ရိုးရိုးသီးနှံထုတ်လုပ်ခြင်းထက် ဝင်ငွေပိုမိုရရှိစေမည့်အပြင် မျိုးကောင်းမျိုးသန့်များအား ထိန်းသိမ်းရန်အတွက်လည်း အထောက်အကူပြုစေကြောင်းသိရသည်။

JICAသည် ရွှေဘိုပေါ်ဆန်းမျိုးကို ထိန်းသိမ်းရန်အတွက် ရွှေဘိုမြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်သကဲ့သို့ တစ်နိုင်ငံလုံး၏ စပါးကျီဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင်လည်း စပါးမျိုးကောင်းမျိုးသန့်များအား ထိန်းသိမ်းနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144731.html

## လားရှိုးမြို့တွင်းသို့ ကုန်ချရန် ကုန်တင်ယာဉ်များမှ ပစ္စည်းကဲ့ယူရခြင်းများရှိ၍ အခြေခံစားသောက်ကုန်အချို့ ဈေးတက်

ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့ ကုန်စည်တင်ပို့ရာတွင် မြို့ဝင်စစ်ဆေးရေး ဂိတ်မှတစ်ဆင့် မြို့တွင်းသို့ ယာဉ်တစ်စီးဖြင့် ကုန်ပစ္စည်းများ ကဲ့ယူသယ်ပို့ရခြင်း၊ စစ်ဆေးရေးဂိတ်များ၌ ကိုဗစ်ပိုးစစ်ဆေးမှုကြန့်ကြာခြင်းတို့ကြောင့် ကုန်ကျစရိတ် ပိုမိုလာသဖြင့် အခြေခံစားသောက်ကုန်အချို့ ဈေးမြင့်တက်လာကြောင်း လားရှိုးမြို့ခံ ကိုနေကပြောသည်။

မြို့အဝင်ဂိတ်တွင် Test Kit ဖြင့် စစ်ဆေးချက် ကိုဗစ်ပိုးကင်းစင်ကြောင်း အဖြေရရှိသည့် ယာဉ်မောင်းနှင့်ယာဉ် နောက်လိုက်များကို ဝင်ခွင့်ပြုခြင်းဖြစ်ရာ ယင်းသို့စစ်ဆေးပေးနိုင်မှုမရှိသေး၍ ယာဉ်မောင်းလဲလှယ်ခြင်းနှင့်ကုန်ကဲ့ယူခြင်းဖြင့် လားရှိုး မြို့တွင်း ကုန်စည်ပို့နေသည်ဟုဆိုသည်။ "ကုန်ပစ္စည်းပို့ခ တက်သွားတော့ မဖြစ်မနေဝယ်စားရတဲ့ မီးဖိုချောင်သုံး ဆန်၊ ဆီ၊ ဆား စားသောက်ကုန်တွေဈေးတက်တယ်။ ကြက်သားဆို တစ်ပိဿာ တစ်ထောင်လောက်တက်သွားတယ်။ ကုန်ကဲ့ရတာရယ်၊ ကုန်တင်ခ၊ ကားခ၊ ဒရိုင်ဘာခ အားလုံးတက်သွားတာ။ တစ်ခုတည်းမဟုတ်ဘူး။ ကားတစ်ခေါက်ထွက်ပြီး နောက်တစ်ခေါက်ထွက်ဖို့ မလွယ်တော့ကားရှားတယ်"ဟု ၎င်းကပြောသည်။

လားရှိုးမြို့သည် ကိုဗစ်ဖြစ်ပွားမှုမရှိသေးသော ပိုးကင်းစင်ဒေသဖြစ်ရာ ပြင်ပမှကူးစက်လာမှုမရှိစေရန် ဂရုစိုက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြို့ဝင်ဂိတ်တွင် ကုန်တင်ယာဉ်များမှ ကုန်များကို မြို့တွင်းသို့ ကဲ့ယူသယ်ပို့ရာ၌ ၁၂ ဘီးယာဉ်တစ်စီးလျှင် ကျပ် ၅၀၀၀၀ ၊ ၆ ဘီး ကင်တာယာဉ် တစ်စီးလျှင် ကျပ် ၃၅၀၀၀ နှင့် ရိုးရိုး ၆ ဘီးယာဉ်တစ်စီးလျှင် ကျပ် ၂၅၀၀၀ ဖြင့် ဈေးတစ်ညီတည်းဖြစ်စေရန်သတ်မှတ်ပေးထားရာ ယင်းစရိတ်များထပ်ပေါင်းကာ မြင့်တက်လာကြောင်းသိရသည်။ "လားရှိုးမှာ ပိုးတွေ့လူနာမရှိသေးတော့ အပြင်ကနေဝင်လာပြီး ရောဂါပျံ့နှံ့နိုင်လို့ ပေးမဝင်တာ။ မြို့ဝင်မှာ Test Kit နဲ့ စစ်ပေးနိုင်ရင် Clear ဖြစ်မှ ဝင်ခွင့်ရမယ်။ ကိုဗစ်ပိုးကင်းစင်ကြောင်းထောက်ခံစာ ပါလာပေမယ့် တိုင်းခြားကလာရင် Q ဝင်ခိုင်းဖို့လည်း မသင့်တော်လို့ တိုးဂိတ်မှာပဲ ဒရိုင်ဘာချိန်း၊ ကားချိန်းပြီး မြို့ထဲဝင် ကုန်ချရမှာပါ။ ကားကို ပိုးသတ်ဆေးဖျန်းတာ အရင်က ၁၅၀၀၀ နဲ့ ခုတော့ သဒ္ဓါကြေးပဲ"ဟု ဆက်လက်ပြောကြားသည်။

ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် ကိုဗစ်စစ်ဆေးမှုနှင့် မြို့များအတွင်း ဝင်ခွင့်ပြုသည့် စည်းကမ်းများ နေရာဒေသအလိုက် ကွဲပြားမှုများရှိနေခြင်းနှင့် ပို့ဆောင်ရေးလမ်းပိုင်းတွင် ပုံမှန်ချိန်အတိုင်းမဖြစ်တော့ဘဲ ကြန့်ကြာခြင်း၊ ထပ်ဆင့်သယ်ပို့ရခြင်းနှင့် ယာဉ်မောင်းများမှာ စစ်ဆေးရေးဂိတ်များတွင် ၃ ရက်ကျော် ညအိပ်ရမှုများကြောင့် ခေါက်ကြေးတက်ခြင်းတို့က ကုန်ဈေးနှုန်းမြင့်တက်စေကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/144728.html

## ကိုဗစ်ကြောင့် ကော်ဖီဈေးကွက်ပျက်၊ ပြည်ပတင်ပို့မှု ကျဆင်းမည်

ကိုဗစ်ဂယက်ကြောင့် ပြည်တွင်းကော်ဖီဈေးကွက် ပျက်လုအထိဖြစ်နေပြီး လာမည့်နှစ်တွင် နိုင်ငံခြားတင်ပို့မှု ကျဆင်းနိုင်ကြောင်း ကော်ဖီလုပ်ငန်းရှင်များကပြောသည်။ ပြည်တွင်းကော်ဖီဈေးကွက်သည် ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များကိုမှီခိုနေရခြင်းဖြစ်ပြီး ကိုဗစ်သက်ရောက်မှုကြောင့် မတ်လနောက်ပိုင်း ပြည်တွင်းစားသုံးမှု ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းထံမှသိရသည်။ "ပြည်တွင်းဆိုင်တွေရဲ့ ရောင်းအားကလုံးဝကျသွားပြီ။

ကိုဗစ်ကြောင့် ဆိုင်တွေပိတ်ထားရတယ်။ ပြည်တွင်းဈေးကွက်က ကျသွားပြီ။ ပြည်ပက အရင်က အမှာစာတွေ ကျတော့ကျတယ်၊ အရမ်းမများဘူး။ လာမယ့်နှစ်တော့ ကျနိုင်တယ် '' ဟု ကော်ဖီလုပ်ငန်းရှင်တစ်ဦးဖြစ်သူ မြန်မာနိုင်ငံကော်ဖီအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းလှိုင်ကဆိုသည်။

နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ပြည်ပမှတင်ပို့သည့် ကော်ဖီမှုန့်ကိုအသုံးပြုသည့် အသင့်ဖျော်အထုပ်များကိုသာ အသုံးများခြင်းဖြစ်ပြီး ကျန်ရာခိုင်နှုန်းသည် ပြည်တွင်းထွက် နှပ်ဖျော်ကော်ဖီကို အသုံးပြုနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ''ကော်ဖီက တစ်နှစ်မှာတစ်ခါ ကြိုကောက်ရတယ်။ အခုက ကောက်ပြီးသွားမှ ကိုဗစ်ဖြစ်သွားတယ်။ အဲ့အချိန်မှာ အဝယ်တွေ လျော့ကျသွားတယ် ။ ယခင် ၁၀၀ မှာတဲ့သူက အခု ၅၀ ပဲ မှာတော့တယ် '' ဟု ညဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်းစု၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လေးလေးမြင့်က မြန်မာတိုင်းမ်ကို ပြောဆိုထားသည်။

ကော်ဖီလုပ်ငန်းရှင်များသည် ကော်ဖီစိုက်တောင်သူများထံမှ ဒီဇင်ဘာလမှ မတ်လအတွင်း ထွက်ရှိသည့်ကော်ဖီစေ့များကို ဝယ်ယူရခြင်းဖြစ်သည်။ ပြည်တွင်း သုံးစွဲမှု ကျဆင်းခြင်းနှင့် ကိုဗစ် သက်ရောက်မှုကြောင့် လာမည့် ရာသီတွင် ကော်ဖီစေ့ ဝယ်ယူမှု ထိခိုက်စေမည်ဟု လုပ်ငန်းရှင်များကဆိုသည်။ ''ကိုဗစ်ဂယက်ကြောင့် ပြည်ပအမှာတွေက ဒီနှစ်မထိခိုက်ပေမယ့် လာမယ့်နှစ်မှာ ထိခိုက်နိုင်တယ်။ ဒါကြောင့်မို့ ပြည်ပဈေးကွက်ကို အရင်ကထက်ပိုချဲ့နေတယ်။ ဒေသတွင်း နိုင်ငံတွေကနေတစ်ဆင့် ဈေးကွက်ဖြန့်သွားဖို့စီစဉ်ထားတယ်။ ဒ့ါအပြင် ပြည်တွင်းမှာလည်း အရည်အသွေးစံနှုန်းကို အားသာချက်ယူပြီး ဈေးကွက်ချဲ့ဖို့ ရှိတယ် '' ဟု မြန်မာနိုင်ငံကော်ဖီအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးမျိုးအေးကဆိုသည်။ ပြည်တွင်း ကော်ဖီဈေးကွက်သည် အမေရိကန်၊ ဂျာမဏီ၊ တရုတ်၊ ထိုင်း၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး လာမည့်ရာသီတွင် ဒေသတွင်း နိုင်ငံများအကြား ပြည်တွင်းထွက် ကုန်းမြင့်ပိုင်းဒေသ ကော်ဖီများဖြင့် စင်ကာပူနိုင်ငံမှတစ်ဆင့် ထပ်မံဈေးကွက် ချဲ့ထွင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှသိရသည်။

ယခုနှစ်အတွင်း မြန်မာ့ကော်ဖီတင်ပို့မှု ကိုဗစ်ကြောင့်ကျဆင်းရကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ကော်ဖီတန်ချိန်တင်ပို့မှုသည် ယခင်နှစ်ထက် တစ်ဝက်နီးပါးကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းထံမှ သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ကော်ဖီ တင်ပို့မှုသည် တန်ချိန် တစ်ထောင်ကျော်ရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/144737.html

## ရေနံချက် စက်ရုံစီမံကိန်းကြီးတစ်ခု တည်ဆောက်ရန် ဖြစ်နိုင်ခြေများ အိန္ဒိယဆွေးနွေးနေ

အိန္ဒိယက တရုတ်နှင့်အပြိုင် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံရန် လုပ်ဆောင်မှုအနေဖြင့် အမေရိကန် ဒေါ်လာ ၆ ဘီလျံတန်ဖိုးရှိ ရေနံချက်စက်ရုံ စီမံကိန်းကြီးတစ်ခုကို ကမ်းလှမ်းထားသည်ဟုသိရသည်။ မြန်မာနိုင်ငံရှိ စွမ်းအင်ကဏ္ဍ၌ အိန္ဒိယပါဝင်ရပ်တည်မှုကို မြှင့်တင်ရန်လုပ်ဆောင်နေပြီး အိန္ဒိယနိုင်ငံက ရေနံချက်စက်ရုံစီမံကိန်းအား ရန်ကုန် အနီးရှိ သန်လျင်တွင် တည်ဆောက်ရန်အဆိုပြုထားပြီး ယခုရက်ပိုင်းမှာပင် နိုင်ငံခြားရေးဝန်ကြီး Harsh Shringla နှင့်စစ်တပ် အကြီးအကဲ MM Naravane တို့ ပူးတွဲလည်ပတ်သော မြန်မာနိုင်ငံသို့ခရီးစဉ်အတွင်း ရေနံချက်စက်ရုံတည်ဆောက်ရန် ဖြစ်နိုင်ခြေများအား ဆွေးနွေးခဲ့သည်ဟု အိန္ဒိယသတင်းစာတစ်ခုက ရေးသားသည်။

အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး MM Naravane နှင့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေး အတွင်းဝန် Shri Harsh V Shringla တို့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နေပြည်တော်၌ သွားရောက် တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆိုင်ရာ အရေးကြီးသောကိစ္စရပ်များအားဆွေးနွေးခဲ့သည်ဟု မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးက ယမန်နေ့ကထုတ်ပြန်ထားသည်။ ၂၀၂၀ ခုနှစ်၊ဖေဖော်ဝါရီလက အိန္ဒိယနိုင်ငံသို့ သမ္မတဦးဝင်းမြင့်သွားရောက်သည့်ခရီးစဉ်အတွင်း အစိုးရချင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရေနံထွက်ပစ္စည်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးထားမှုအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ ဆွေးနွေးမှုများ လုပ်ဆောင်နေဆဲဖြစ်သည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက မြန်မာတိုင်းမ်ကိုပြောသည်။ ''နားလည်မှု စာချွန်လွှာအရ ရေနံထွက်ပစ္စည်းကဏ္ဍမှာ ဘယ်နေရာတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ ဖြစ်နိုင်ခြေတွေ

နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်း ဆွေးနွေးနေဆဲအဆင့်သာရှိပါသေးတယ်''ဟုငင်းကပြောသည်။

ထိုသို့ ဖြစ်နိုင်ခြေများကို ဆွေးနွေးနေဆဲအဆင့်သာရှိသည့်အတွက် အိန္ဒိယ၏ ရေနံချက်စက်ရုံစီမံကိန်းနှင့်ပတ်သက်၍ မြန်မာဘက်က အတည်ပြုပြောဆိုခြင်းမရှိသေးပေ။ ထို့ပြင် အိန္ဒိယ-မြန်မာအစိုးရအကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရန် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်း- လျှပ်စစ်ကုန်သွယ်မှုပြုရေးအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် အခြားစွမ်းအင်အရင်းအမြစ်များအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် စွမ်းအင်များအကျိုးရှိရှိထိရောက်စွာ အသုံးချရေးနယ်ပယ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ပြီးခဲ့သောလက နှစ်နိုင်ငံစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဦးဆောင်ကော်မတီက ဆွေးနွေးမှုများပြုလုပ်ထားသည်။

တရုတ်သည် မြန်မာနိုင်ငံနှင့်စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြင့်လာသည်နှင့်အမျှ အိန္ဒိယ၏အရှေ့ဘက်နှင့်အိမ်နီးချင်း ပထမမူဝါဒများနှင့်အညီ ဖွံ့ဖြိုးဆဲစွမ်းအင်ထုတ်လုပ်မှုနှင့်အတူ မဟာဗျူဟာကျကျတည်ရှိသည့် အိမ်နီးချင်းနိုင်ငံ၏ကဏ္ဍတစ်ခုတည်း၌ပင် ကိုယ်ပိုင်တည်ရှိမှုကို မြှင့်တင်ရန်လုပ်ဆောင်နေသည်ဟု အိန္ဒိယကဆိုသည်။ တရုတ်၏ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတိုးချဲ့မှုအဖြစ် ရေနံချက်စက်ရုံစီမံကိန်းကြီးများ ထားဝယ်အထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် တရုတ်ကုမ္ပဏီအများစုက ယခုကိုဗစ်ကာလမှာပင် ခြေလှမ်းသွက်လာပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့ နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

တရုတ်အခြေစိုက်Yunnan Indo-Pacific Group (Indo-Pacific) နှင့် Zhongan and CNPC East China Design Institute (CEI)တို့က တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ပေါင်း ၈ သန်းချက်လုပ်နိုင်မည့် အကြီးစားရေနံချက်စီမံကိန်းအတွက် မြေပြင်လေ့လာဆန်းစစ်မှုများပြုလုပ်ရန် တင်ပြတောင်းဆိုထားသည်။ အလားတူ Hong Kong New Energy Investment Holdings Limited, China Huanqiun Contracting & Engineering Co., Ltd (HQC), China Petroleum Pipeline Engineering Co., Ltd (CPP) နှင့် China Energy Engineering Corporation (CEEC) တို့က ရေနံချက်စက်ရုံစီမံကိန်းကို စိတ်ဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တင်ပြဆွေးနွေးမှုများလည်းရှိသည်။

**Source:** https://myanmar.mmtimes.com/news/144733.html

## ဆယ်စုနှစ်တစ်စုကျော် ပျောက်ကွယ်ခဲ့သည့် အင်းလေးရေပေါ်ဈေး ပြန်လည်အသက်ဝင်လာ



ဆယ်စုနှစ် တစ်စုကျော် ပျောက်ကွယ်လျက်ရှိသည့် အင်းလေးရေပေါ်ဈေးသည် အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ ဒေသခံရောင်းသူဝယ်သူများဖြင့် ပြန်လည်အသက်ဝင်လာကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

အင်းလေးဒေသ ဟဲယာရွာမကျေးရွာရှိ ရေပေါ်ဈေးသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်ခဲ့သော်လည်း နွေရာသီတွင် ရေလျော့နည်းမှုကြောင့် ရေပေါ်ဈေးအဖြစ် ရောင်းဝယ်မှုမပြုနိုင်ဘဲ ကုန်းမြေပေါ်သို့ ပြောင်းရွှေ့ရောင်းဝယ်ခဲ့ရကြောင်း၊ ယခင်က ရေပေါ်ဈေးတွင် ဒေသထွက်အစားအစာ၊ ဟင်းသီးဟင်းရွက်အပါအဝင် ကုန်ပစ္စည်းများကို လှေပေါ်တွင်တင်၍ ရောင်းဝယ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ခရီးသွားလုပ်ငန်းကိုအမှီပြု၍ အမှတ်တရပစ္စည်း ရောင်းချသူများသာ များပြားလာကြောင်း ဒေသခံများက ပြောသည်။

ယခုအခါ ကုန်းမြေပေါ်ရှိဈေးများ ခေတ္တပိတ်ထားမှုကြောင့် ဒေသခံဈေးရောင်းချသူများသည် ရေပေါ်တွင်လှေများဖြင့် ဒေသထွက်ကုန်များကို ယခင်ကကဲ့သို့ ပြန်လည်ရောင်းချလာမှုများကြောင့် ရေပေါ်ဈေးမှာ ပြန်လည်၍အသက်ဝင်လာကြောင်း၊ ဆက်လက်၍လည်း ရေပေါ်ဈေးကို နွေရာသီကာလ ရေနည်းချိန်၌ ဈေးမဖြစ်သော်လည်း ရေများချိန်တွင် ယခုကဲ့သို့ ရောင်းဝယ်မှုများဖြင့် ရေရှည်တည်တံ့လိုကြောင်း၊ ဒေသခံများကလည်း ရေပေါ်ဈေးအဖြစ် အရောင်းအဝယ်ပြန်ဖြစ်လာသဖြင့် ဝမ်းမြောက်

လျက်ရှိကြောင်း ဟဲယာရွာမကျေးရွာမှ ဒေသခံ ဦးစိုးမြင့်ဦးကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## တရုတ်နိုင်ငံ၏ စီးပွားရေးကိန်းဂဏန်းအချက်အလက်များအရ ဩဂုတ်လအတွင်း စီးပွားရေး အခြေအနေ ကောင်းမွန်လျက်ရှိခြင်း

တရုတ်နိုင်ငံ၏စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်အတွင်း V-Shaped ပုံစံဖြင့် ပြန်လည်မြင့်တက်လာကြောင်း၊ နှစ်စဉ်လုပ်ငန်းများတိုးတက်မှုမှာ (၅.၆) ရာခိုင်နှုန်း မျှော်လင့် ထားပြီး၊ဇူလိုင်လတွင်(၀.၈) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ နှစ်စဉ် လက်လီရောင်းချမှုမှာ (၀.၅) ရာခိုင်နှုန်း ရှိပြီး၊ ဇူလိုင်လတွင်(၁.၆) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အခြားသော အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှု၊ပို့ကုန်တင်ပို့မှုများနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊စားသုံးမှုနှင့် ကုန်ထုတ်လုပ်မှုရင်းနှီးမြှုပ်နှံမှုများမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ သတ္တုတွင်းလုပ်ငန်းများလည်း ပြန်လည်တိုးချဲ့လုပ်ကိုင်ပြီး (၁.၆) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအတွင်းတွင် 5 G အင်တာနက်သုံးစွဲမှု အရှိန်မြင့်တက်ပြီးနေအိမ်များမှ လုပ်ငန်းများလုပ်ကိုင်လာမှုကြောင့် လျှပ်စစ်နှင့်ဆက်သွယ်ရေးသုံးပစ္စည်းများအတွက် အကျိုးအမြတ်များမြင့်တက်လာကြောင်း၊ စွမ်းအင်ထုတ်လုပ်မှုများလည်း ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ဩဂုတ်လအတွင်းတွင် စားသုံးသူများ၏ သုံးစွဲမှုများမြင့်တက်လာပြီး ယခုနှစ်အတွင်း လက်လီရောင်းချမှု ပထမဆုံး မြင့်တက်လာကြောင်း၊ အများပြည်သူ သွားလာသည့်နေရာများ ပြန်လည်ဖွင့်လှစ်မှုကြောင့် ပြည်သူများသွားလာရန် ပိုမိုအဆင်ပြေလာပြီး ဈေးအရောင်းစင်တာများ ပြန်လည်ဖွင့်လှစ်မှုကြောင့် အဝတ် အထည်နှင့် အထည်ချုပ်များ ရောင်းချရမှုများ မြင့်တက်ခဲ့ကြောင်း၊ ရုပ်ရှင်ရုံ (၈၀) ရာခိုင်နှုန်းမှာ ဩဂုတ်လအတွင်းက ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဒေသခံပြည်သူများ နေအိမ်အပြင်ထွက် စားသုံးမှုများကြောင့် စားသောက်ဆိုင်များနှင့် အစားအစာ ရောင်းချမှုများ လျော့ကျခဲ့မှုများ နည်းပါးလာကြောင်း၊ မော်တော်ယာဉ်များအသုံးပြုမှု (၁၁.၈) ရာခိုင်နှုန်း၊ မိုလ်ဘိုင်းဖုန်း (၂၅.၁) ရာခိုင်နှုန်း၊ အလှကုန်ပစ္စည်း (၁၉) ရာခိုင်နှုန်းနှင့် အိမ်သုံးပစ္စည်းများ (၄.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်း (၅.၆) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ငွေကြေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုရင်းနှီးမြှုပ်နှံမှုများလည်း မြင့်တက်ခဲ့ကြောင်း၊ ပေကျင်း၏ 'Dual Circulation' Strategy အရ credit/ tax ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများနှင့် မူဝါဒများရှင်းလင်းကောင်းမွန်အောင် ဆက်လက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုလည်းမြင့်တက်လာရာ လူနေအိမ်ခန်းများရောင်းချမှုမှာ ရုတ်တရက်မြင့်လာကြောင်း၊ ဩဂုတ်လစာရင်းများအရ စားသုံးသူများ သုံးစွဲမှုမြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာကြောင်း၊ စီးပွားရေးပြန်လည်ကောင်းမွန်ရန်အတွက် အင်တာနက်အွန်လိုင်း အသုံးပြုမှုသည်လည်း အရေးကြီးသည်ကိုတွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံ၏ ဂျီဒီပီမှာ ၂၀၂၀ပြည့်နှစ်၊ တတိယလေးလပတ်တွင် (၅)ရာခိုင်နှုန်း၊ စတုတ္ထလေးလပတ်တွင် (၆) ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်၊ တစ်နှစ်လုံးအတွက် (၂.၃) ရာခိုင်နှုန်း ရှိနိုင်ကြောင်း မျှော်မှန်းထားပြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ကမ္ဘာတစ်ဝှမ်းရှိ ဈေးကွက်များ အပေါ်တွင်လည်း မူတည်နေကြောင်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Aidan Yao က "China's economic data for August sows seeds of optimism" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## နိုင်ငံတကာ အငြင်းပွားမှုဖြေရှင်းရေးတရားရုံး၌ Vodafone ကုမ္ပဏီသို့ အမှုရှုံးနိမ့်ခဲ့မှုအပေါ်တုံ့ပြန်ရန် အိန္ဒိယအစိုးရက ချိန်ဆလျက်ရှိခြင်း

အိန္ဒိယနိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့် ပြည်ပရှိ အစုရှယ်ယာများအား လွှဲပြောင်းရယူခဲ့မှုအပေါ် ဝင်ငွေခွန်၊ ဒဏ်ကြေးနှင့် အတိုးငွေ စုစုပေါင်း ရူပီးငွေ ၂၂၁ ဘီလီယံကို ပေးဆောင်ရန် အိန္ဒိယအစိုးရ၏ တောင်းဆိုမှုအား တရားရင်ဆိုင်ဖြေရှင်းခဲ့ရာတွင် နယ်သာလန် နိုင်ငံ The Hague မြို့ရှိ အငြင်းပွားမှုဖြေရှင်းရေး အမြဲတမ်းတရားရုံး (Permanent Court of Arbitration) က Vodafone အများပိုင်ကုမ္ပဏီအုပ်စု အနေဖြင့် ၎င်းငွေများကို ပေးဆောင်ရန် တာဝန်မရှိကြောင်း ၂၅-၉-၂၀၂၀ နေ့၌ စီရင်ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

Vodafone တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီလုပ်ငန်းစုအနေဖြင့် အဆိုပါအမှုအား ဆယ်စုနှစ် ၁ ခုကျော်ကြာရင်ဆိုင်ခဲ့ပြီး ယခုစီရင်ဆုံးဖြတ်ချက်မှာ ဒုတိယအကြိမ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ Vodafone ကုမ္ပဏီသည် ကာရစ်ဘီယံဒေသရှိ Cayman Islands တွင် အခြေစိုက်ထူ ထောင်ထားရှိသော Hutchison Telecommunications ကုမ္ပဏီထံမှ အစုရှယ်ယာပိုင်ဆိုင်မှုများ ကို ၂၀၀၇ ခုနှစ်အတွင်း၌ လွှဲပြောင်းရယူခဲ့ရာ ၎င်းတို့အနက် အိန္ဒိယနိုင်ငံအခြေစိုက် Hutchison Essar ကုမ္ပဏီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော အစုရှယ်ယာပမာဏ ၆၇%၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၁.၂ ဘီလီယံခန့် ပါဝင်ခဲ့ပါသည်။ သို့ဖြစ်ရာ အိန္ဒိယဝင်ငွေခွန်ဦးစီးဌာနက ပင်ရင်းမှထုတ်နှုတ် ကောက်ခံသည့်အခွန် ရူပီးငွေ ၇၉.၉ ဘီလီယံအား ပေးဆောင်ရန် အိန္ဒိယနိုင်ငံ၌ မှတ်ပုံတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Vodafone ကုမ္ပဏီထံသို့ သတိပေးနှိုးဆော်စာ ပေးပို့ခဲ့သည်။ ထိုသို့ တောင်းဆိုမှုအပေါ် ၂၀၁၂ ခုနှစ်၌ အိန္ဒိယတရားလွှတ်တော်ချုပ်ရုံးတွင် နှစ်ဘက်အမှုရင်ဆိုင် ခဲ့ရာ တည်ဆဲဥပဒေအရ စီရင်ပိုင်ခွင့်အာဏာ၌ အကျုံးဝင်ခြင်းမရှိသဖြင့် Vodafone ကုမ္ပဏီက အနိုင်ရခဲ့သည်။ ထို့နောက် အိန္ဒိယအစိုးရက အခွန်စည်းကြပ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်ပြဋ္ဌာန်း လျက် ၂၀၁၄ ခုနှစ်၌ ဝင်ငွေခွန်နှင့်ဒဏ်ကြေး စုစုပေါင်း ရူပီးငွေ ၁၉၁.၁၈ ဘီလီယံ (ဒေါ်လာ ၂.၂ ဘီလီယံကျော်) ကို တောင်းဆိုခဲ့ရာ Vodafone ကုမ္ပဏီအုပ်စုက The Hague မြို့ရှိ PCA အငြင်း ပွားမှု ဖြေရှင်းရေးတရားရုံး၌ အိန္ဒိယ–နယ်သာလန် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူ စာချုပ်ကို အကိုးအကားပြုလျက် ထပ်မံအမှုရင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

PCA အငြင်းပွားမှု ဖြေရှင်းရေးတရားရုံးက အိန္ဒိယဝင်ငွေခွန်ဌာန၏ အခွန်ပေးဆောင်ရန် တောင်းဆိုချက်သည် အိန္ဒိယ–နယ်သာလန် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ အချက်များနှင့် ညီညွတ်မရှိကြောင်း၊ Vodafone ကုမ္ပဏီသည် ၎င်းစာချုပ်ပါ တရားမျှတ၍ သာတူညီမျှရှိစွာ ဆက် ဆံရေးအာမခံချက်အပေါ် အကျိုးခံစားခွင့်ရှိကြောင်းနှင့် အိန္ဒိယအစိုးရအနေဖြင့် ယခုအမှုအတွက် ကျသင့်တရားစရိတ်၏ ၆၀% ဖြစ်သော ပေါင်စတာလင်ငွေ ၄.၃ သန်းကို Vodafone ကုမ္ပဏီသို့ ပေးလျော်ရန်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အိန္ဒိယသတင်းဌာနများ၏ ရေးသားဖော်ပြမှုများအရ နောက်ကြောင်းပြန် အာဏာသက်ရောက်မှုရှိသည့် အခွန် ပေးဆောင်ရေးဆိုင်ရာ အငြင်းပွားမှု၌ရှုံးနိမ့်ခဲ့ပြီး တရားရုံးစရိတ်ပေးလျော်ရမည့် အခြေအနေရှိသည့်အပေါ် အိန္ဒိယဝင်ငွေခွန် ဌာနသည် ရှေ့နေချုပ်ထံမှ သဘောထား မှတ်ချက် တောင်းခံဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် စင်ကာပူနိုင်ငံရှိ အငြင်း ပွားမှုဖြေရှင်းရေး တရားရုံးတွင် ထပ်မံ၍အယူခံလျှောက်ထားသည့် နည်းလမ်းကိုရွေးချယ်နိုင်ကြောင်း၊ သို့သော် အမှုဖြစ်ပေါ်ရသည့် ပိုင်ဆိုင်မှုအရပ်ရပ်မှာ အိန္ဒိယနိုင်ငံ၏ပြင်ပ၌တည်ရှိသဖြင့် အနိုင်ရရှိရန်ခက်ခဲမည်ဟု ဥပဒေအတိုင်ပင်ခံ လုပ်ငန်းများမှ ပညာရှင်များက ပြောဆိုလျက်ရှိကြောင်း သိရှိရသည်။

Hutchison Telecommunications ကုမ္ပဏီထံမှ ပိုင်ဆိုင်မှုများအား Vodafone ကုမ္ပဏီက ပြည်ပ၌ လွှဲပြောင်းရယူ ဆောင်ရွက်မှုသည် အိန္ဒိယနိုင်ငံ၏ ဥပဒေအရ အရင်းအနှီးများလွှဲပြောင်းမှုအပေါ် အခွန်ပေးဆောင်ရမည့်အရေးမှ ရှောင်ကြဉ် နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု အိန္ဒိယဝင်ငွေခွန်ဌာနက မှတ်ယူထားပြီး ထိုကဲ့သို့ အိန္ဒိယအခြေစိုက်ကုမ္ပဏီများက စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့် ပိုင်ဆိုင်မှုများအား သွယ်ဝိုက်လွှဲပြောင်းနိုင်မှုရှိသည့် ဂယ်ပေါက်ကို ပိတ်ဆို့နိုင်ရန် ၂၀၁၂ ခုနှစ်၌ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအပေါ် အခွန်ကောက်ခံသည့် ဥပဒေအားပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ရေးနှင့် စီးပွားရေးလုပ်ကိုင်မှု လွယ်ကူစေရေးတို့ကို တွန်းအားပေးဆောင်ရွက်နေချိန်၌ အိန္ဒိယအစိုးရအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ ထံသို့ လွဲမှားသည့် အချက်ပြမှုမျိုး မဖြစ်စေရန်အတွက် Vodafone ကုမ္ပဏီအုပ်စုနှင့် အငြင်းပွားမှုကိစ္စရပ်အပေါ် သတိကြီးစွာ ထား၍ ချိန်ဆဆောင်ရွက်ရမည့် အခြေအနေရှိနေပါသည်။

1. Income tax department to seek Attorney General's views on Vodafone ruling, 29 Sept 2020, Economic Times

2. Vodafone arbitration case: All options open, govt to take action after studying award, 25 Sept 2020, Economic Times

3. Govt weighs legal options in Vodafone tax arbitration case, 4 Oct 2020, The Hindu

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ပြည်ပနိုင်ငံများနှင့်ခရီးသွားလာခွင့်များ ပြန်လည်ဖြေလျှော့ရန် ဂျပန်အစိုးရပြင်ဆင်ဆောင်ရွက်

ဂျပန်အစိုးရသည် အခြားပြည်ပနိုင်ငံ ၁၅၉ ခုနှင့် ခရီးသွားလာမှုဖြေလျှော့ခြင်းကို အောက်တိုဘာလမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါ နိုင်ငံ ၁၅၉ ခုအနက် ကိုရိုနာကပ်ရောဂါကူးစက်ပြန့်ပွားမှု ကျဆင်းသွားသည့်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ နယူးဇီလန်နှင့်ဗီယက်နမ်တို့မှအစပြုကာ ခရီးသွားလာမှုကန့်သတ်ချက်များ ဖြေလျှော့ဆောင်ရွက်မည်ဖြစ်ကြောင်းကြေငြာခဲ့ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါဖြေလျှော့ပေးမည့် ပြည်ပ ၁၅၉ နိုင်ငံသည် လက်ရှိတွင် သွားလာခွင့်ကန့်သတ်ထားသည့် အဆင့် (၃) တွင် ရပ်တည်နေပြီး အရေးမကြီးသည့် ခရီး သွားလာမှု များကန့်သတ်ခြင်းဖြစ်သည့် အဆင့် (၂) သို့ ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပြည်ပခရီးသွားများ ဂျပန်နိုင်ငံသို့ဝင်ရောက်ရေးအတွက် ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့်သူများနှင့် ကာလရှည်နေထိုင်သူများအတွက် နယ်စပ်ဂိတ်များအပါအဝင် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရန် ပြင်ဆင်နေပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ရရှိသူ ပြည်ပနိုင်ငံသားများအနေဖြင့် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ကို စက်တင်ဘာလဆန်းကတည်းက အထူးသတ်မှတ်ချက်များနှင့် ပြန်လည်ဝင်ရောက် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (9.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 732 | 7,320,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 134 | 495,800 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 53 | 424,300 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 3 | 66,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 3 | 8,250 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 153 | 472,100 | 19,977,223 | 60,931 |

### Market summary

As of 9th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.84 | +0.46 | +0.11% | 436.81 | 437.51 | 436.81 | 1,078 | 8,786,450 | 6 | 649,993 |

**Index chart**



## Market Overview

As of 1:00 pm, 9th Oct. 2020

| MYANPIX | 436.84 ▲ 0.46 |
|---|---|
| Total Volume (shares) | 1,078 |
| Total Value (MMK) | 9 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,993 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 3,050 | ▼ 50 |

TIR